ထနောင်းပင်ကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထနောင်းပင်ကျေးရွာ၊ ကလောမြို့နယ်

(သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော
အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ထနောင်းပင်ကျေးရွာ

ကလောမြို့နယ်

ထနောင်းပင်ကျေးရွာ


မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	၄
၁	တည်နေရာနှင့်ပထဝီဝင်အနေအထား	၅
၂	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၅
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၅,၆
၄	စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	
	(က)သီးနှံစိုက်ပျိုးရေး	၆,၇
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇,၈
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၈
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈,၉
	(ခ)ကျေးရွာမီးလင်းရေး	၉
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	၉
၆	ပညာရေး	၉
၇	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၉,၁၀
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၀
၁၀	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	-
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၁၃
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄


မြောက်
ရှေ့

ကျေးရွာနှင့်သယံဇာတပြမြေပုံ

..........ထနေ့ဘင်းပင်.................ကျေးရွာ၊ ...ကာမွှား‌နို..................ကျေးရွာအုပ်စု၊ ကလောမြို့နယ်။



အညွှန်း



ရက်စွဲ။ ။27.11.2017

၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ထနောင်းပင်ကျေးရွာသည် ကလောမြို့နယ်၊ ကမ္ဘားနီကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွန်ခဲ့ သော နှစ်ပေါင်းများစွာကပင် တည်ရှိသောကျေးရွာဖြစ်ပါသည်။ ထနောင်းပင်ကျေးရွာသည် စီးပွား ရေးအရ အချက်အခြာကျသော အောင်ပန်းမြို့နှင့် (၇)မိုင်ကွာသာဝေးသော်လည်း လမ်းပန်းဆက် သွယ်ရေး အနေဖြင့် ခက်ခဲပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းပြင်မြင့်၊မြေပြန့်ဖြစ်သည်။ ကျေးရွာအနီးဝန်း ကျင်တွင် ကျေးရွာများသာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် သတ္တု ကျောက်တောင်၊ သဲတောင်များထွက်ရှိမှုမရှိပဲ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ် ငန်းများဆောင်ရွက်ရန် ခက်ခဲပါသည်။ ကျေးရွာအနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက် ရောက်တတ်သော်လည်း တွေ့ရများသော အပင်များသာဖြစ်ပါသည်။ ကျေးရွာလူထုအတွက် ထင်း၊ ဝါး၊ သက်ငယ်၊ ဆေးဖက်ဝင်အပင်နှင့် နွားစာများရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝ တိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန် တွေ့ရ များသောအပင်များသာ ရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ထနောင်းပင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၈၇)စုနှင့် ကျား(၁၆၄)၊ မ(၁၅၄)ဦးဖြင့် လူဦး ရေပေါင်း(၃၁၈)ဦးရှိပါသည်။ ကျေးရွာတွင်ဓနုလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ် သည် ကျေးရွာရှိလူဦးရေအားလုံး၇၄%ရှိပြီး အမျိုးသားနှင့်အမျိုးသမီးဦးရေမှာ များစွာကွာခြားမှု မရှိသည့်အတွက် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ် အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက်ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူထုအခြေပြုအဖွဲ့အစည်းအနေဖြင့် ရပ်မိရပ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ လူငယ်အဖွဲ့တို့ကိုဖွဲ့စည်းထား ရှိပြီး ကျေးရွာ၏ ကျန်းမာရေး၊ဘာသာရေး၊ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိ ရပ်ဖများ၊ လူကြီးသူများမှဦးဆောင်ပြီး ကျေးရွာသူ/သားများအားလုံးစုပေါင်း၍ အားတက်သရော စုပေါင်း လုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းအနေဖြင့် ယခင်UNDPမှဖွဲ့စည်း ပေးခဲ့သည့် ပက်-မြန်မာအဖွဲ့သာရှိပြီး ငွေကြေးလိုအပ်ပါက ချေးယူနိုင်ပါသည်။ အခြားသော ကျေး ရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးသည့် ပြင်ပအဖွဲ့အစည်းများဝင်ရောက်မှုမရှိပဲ ကျေးရွာ၏ ကဏ္ဍ အလုံး စုံဖွံ့ဖြိုးလာစေရန်အတွက် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ် နေပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ထနောင်းပင်ကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ(၁၃)ဧက၊ ယာမြေ(၂၈၆) ဧက စုစုပေါင်း(၂၉၉)ဧက ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု(၉)စု၊ ၂.၅ဧကအောက်ဆင်းရဲသား တောင်သူ(၂၂)အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြား တောင်သူငယ်(၄၁)အိမ်ထောင်စု၊ ၅ဧကမှ၁၂.၅ ဧကကြား တောင်သူလတ်(၁၃)အိမ်ထောင်စုနှင့် (၁၂.၅ဧကအထက် တောင်သူကြီးအိမ်ထောင်စု(၁)စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် ၊အာလူး၊ ဂျင်း၊ ခရမ်းချဉ် တို့ကိုစိုက်ပျိုးကြသည်။ မြေယာမဲ့ အိမ်ထောင်စုနှင့် ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စား၊ ကျပန်းနှင့် ရာသီအလိုက်လုပ်ငန်းခွင်များ တွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟုဆိုနိုင်သော်လည်း စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံစျေးကွက်ပေါ်မူတည်နေပါသည်။ ဆန်စပါးကိုအနည်းငယ်သာစိုက် ပျိုးနိုင်ကြပြီး ဝမ်းစာဖူလုံရေး အတွက်စိုက်ပျိုးကြခြင်းဖြစ်ပြီး စျေးကွက်သို့တင်ပို့ရောင်းချနိုင်စွမ်း မရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက် ခြင်းများရှိနေပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ခရမ်းချဉ်၊ အာလူး၊ဂျင်းတို့ကို အဓိကထားစိုက်ပျိုးပြီး ဂေါ်ဖီထုပ်၊မုန်ညှင်း၊မြေပဲတို့ကို သီးထပ်စိုက်ပျိုး ကြ သည်။ ဆောင်းရာသီကာလတွင် ရေမလိုသီးနှံများဖြစ်သည့် ပန်းနှမ်းတို့ကိုစိုက်ပျိုးကြသည်။သီးနှံ အထွက်နှုန်းမှာအသင့်အတင့်သာရှိပါသည်။ လယ်သာသုံးပစ္စည်းအနေဖြင့် ထွန်စက်ကြီး(၁)စီး၊ လက်တွန်းထွန်စက်(၉)စီး၊ ရေစုပ်စက်(၂)လုံးတို့ကိုသာပိုင်ဆိုင်ခြင်းကြောင့် လုပ်ငန်းတွင်ကျယ်စွာ ဆောင်ရွက်နိုင်းခြင်းမရှိပါ။ အချို့သောတောင်သူများမှာ မြေယာများပိုင်ဆိုင်သော်လည်း လယ်ယာ သုံးပစ္စည်းပိုင်ဆိုင်မှုမရှိခြင်းကြောင့် ငှားရမ်း၍လုပ်ကိုင်ကြရပါသည်။ ငှားရမ်းရန်ငွေကြေး မတတ် နိုင်သူများမှာ နွားများဖြင့်သော်လည်းကောင်း၊ လူအားဖြင့်သော်လည်းကောင်း ထွန်ယက်စိုက်ပျိုး ကြရသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ဓါတု ပိုးသတ်ဆေးစသည်များကို အောင်ပန်းမြို့တွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ကြပါသည်။ သီးနှံစျေး ကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့်ရောင်းချနိုင်ကြသည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါများကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်းများ ရှိနေပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုး ရေး ဓါတုမြေဩဇာအသုံးပြုမှုနည်းမှန်ခြင်း၊ မျိုးမကောင်းခြင်း၊ စျေးကွက်ခက်ခဲခြင်းတို့ ဖြစ်ပါ သည်။ ပိုးသတ်ဆေးများအသုံးပြုနေကြသော်လည်း နည်းလမ်းမှန်ကန်ခြင်းမရှိသည့်အတွက် ထိ ရောက်မှုမရှိခြင်းကြောင့် ဆေးအသုံးပြုနည်းပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လိုအပ်နေပါသည်။ ၎င်းအပြင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် ချေးငွေမရရှိ သည့်အတွက် လိုအပ်သလို စိုက်ပျိုးနိုင်ခြင်းမရှိသည့်အတွက် ကျေးလက်ဦးစီးဌာနမှထောက်ပံ့သည့် မြစိမ်းရောင်ချေးငွေကို ရရှိ ရန် ကျေးရွာသူ/သားများမှမျှော်လင့်နေကြပါသည်။ စိုက်ပျိုးရေးအတွက် အရင်းအနှီးမလုံလောက် ခြင်းကြောင့် ငွေတိုးချေးသူများထံမှချေးယူနိုင်သော်လည်း အတိုးကြီးစွာပေးရသည့်အတွက် အမြတ် ရရှိနိုင်မှု နည်းပါးသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ထနောင်းပင်ကျေးရွာတွင် နွားမွေးမြူထားသောအိမ်ထောင်စု(၅၉)စုရှိပြီး နွားကောင်ရေ (၁၆၂)ကောင်၊ ကျွဲမွေးမြူထားသောအိမ်ထောင်စု(၄၅)စုရှိပြီး ကျွဲကောင်ရေ(၉၃)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး မွေးမြူရေးလုပ်ငန်းကို အဓိက ထားလုပ်ကိုင်သူမရှိပဲ ကျွဲ၊ နွားများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြခြင်း ဖြစ် သည်။

ကျေးရွာတွင် စားကျက်မြေ အသင့်အတင့်ရှိပြီး မျိုးကောင်းမျိုးသန့်များရရှိနိုင်ပါသည်။ ကျွဲ၊နွားသောက်သုံးရေအသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ သား၊ငါးထွက်ကုန်များ ကို လွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်း ဆောင်ရွက် နိုင်ရန်အတွက် အခက်အခဲပြဿနာများမှာ ခြံသန့်ရှင်းရေးလုပ်ဆောင်မှုအားနည်းခြင်း၊ ကျွဲ၊နွား သောက်သုံးရေ ခက်ခဲခြင်း၊ချေးငွေလိုသလောက်ရရှိမှုမရှိခြင်း၊ တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့် ပတ် သက်၍ နည်းပညာဆိုင်ရာ သိရှိမှုများအားနည်းပြီး မွေးမြူရေး ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများပံ့မှန် မရရှိပေ။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက် သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူနည်းပါးပါသည်။ ကျပန်းလုပ်သား များသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားအဖြစ် ဝင် ရောက်လုပ်ကိုင်ကြပါသည်။ အခွင့်အလမ်းအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အတွက် စျေးကွက်အသင့်အတင့်ရရှိနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်း လျှပ်စစ်မီးမရှိခြင်းကြောင့် အခြားဝင်ငွေရအိမ်တွင်းမှုလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိပါ။ ကျေး ရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ စျေးကွက်လေ့လာနိုင်မှုအားနည်းခြင်း၊ ကုန် စည်တင်ပို့ရောင်းချရာတွင် စျေးနှုန်းများမှန်ကန်မှုမရှိခြင်း၊ အသက်မွေးဝမ်းကျောင်း နည်းပညာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါး ပါသည်။ ကျေးရွာသည် မြို့ပြနှင့်နီးပြီး ကုန်ကြမ်းများပေါများသော်လည်း ကုန်ချောပြုလုပ်နိုင်ရန် နည်းပညာမရှိခြင်းကြောင့် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိပါ။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေကိုအဓိကအားဖြင့် ဆွေမျိုးများထံမှသာ ဘက်စုံလိုအပ်မှုအတွက် ချေး ယူကြသည်။ ဆွေမျိုးများထံတွင်ချေးငှားရာ၌ အပေါင်ခံ ပစ္စည်းမလိုအပ်ပဲ အတိုးအနည်းငယ်သာ ပေး၍ ပြေလည်ချိန်မှသာပြန်လည်ပေးဆပ်ကြသည်။ ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်း မာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ကျေးရွာအတွင်း ချေးငွေလို အပ်ချက်များပြားမှုကြောင့် အစိုးရဘဏ်/ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလ ရှည်ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများအတွက် မှီခို အဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ် များ၊ ကား၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ

အဓိကထားအသုံးပြုကြသည်။ လမ်းပန်း ဆက် သွယ်ရေး ခက်ခဲမှုကြောင့် ကုန်စည်များ၊ ထွက်ကုန်သီးနှံများ စျေးကွက်သို့အချိန်မီတင်ပို့ရန် ခက်ခဲတတ်ပါသည်။အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြ ဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်း၊ ကျေးရွာကုန်ထုတ်လမ်းများမှာ မြေသားလမ်း၊ကျောက်ကြမ်းလမ်း များ သာဖြစ်ပြီး မိုးကာသီကာလတွင်သွားလာရခက်ခဲပါသည်။ ကျေးရွာ၏စိုက်ခင်းသွားလမ်းမှာ မြေသားလမ်းသာဖြစ်သည့်အတွက် ကုန်စည်တင်ပို့ရန်လွန်စွာ ခက်ခဲပါသည်။ မိုးရာသီကာလသီးနှံများ ပေါ်ထွက်ချိန်တွင် စိုက်ခင်းများအတွင်း ကားများဝင်၍မရသောကြောင့် လူအားဖြင့်သာ သယ်ယူပို့ ဆောင်ရပါသည်။ မြို့ပေါ်တွင်သီးနှံစျေးကွက်မြင့်တက်နေသော်လည်း သီးနှံများကို သယ်ပို့နိုင်ခြင်း မရှိသည် အတွက် မိသားစုဝင်ငွေထိခိုက်ရပါသည်။ဂင်းအပြင် မိုးသည်းထန်စွာရွာသွန်းသည့်အချိန် တွင် စိုက်ခင်းမှ မိမိအိမ်သို့တင်ပို့ရန် လုပ်သားပင်ဌားရမ်း၍မရသည်များလည်း ရှိပါသည်။

ကျေးရွာမှ အောင်ပန်းမြို့သွားလမ်းသည် ကျေးရွာမှအမှန်တကယ်အကျိုးရှိစွာအသုံးပြုနိုင် သည့်ဖြတ်လမ်းရှိသော်လည်း ဂင်းလမ်းမှာ မြေသားလမ်းသာဖြစ်ပြီး လမ်းကျဉ်မြောင်းခြင်းကြောင့် ပွင့်လင်းရာသီ၌သာ ဆိုင်ကယ်များသွားလာနိုင်ပါသည်။ ဂင်းလမ်းကိုအသုံးပြုနိုင်ပါက ကျေးရွာအတွက်အမှန်တကယ်အကျိုးရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဂင်းလမ်းကို တိုးချဲ့ပြီး ကျောက် ချောလမ်းရရှိနိုင်ရန် ကျေးရွာသူ/သားများမှ အထူးလိုလားနေကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကိုသုံးစွဲသော အိမ်ထောင်စု(၈၀)စုနှင့် မီးအသုံးမပြုနိုင်သော အိမ် ထောင်စု(၆)စုရှိပါသည်။ ကျေးရွာသည် မဟာဓါတ်အား လိုင်နှင့်ဝေးကွာခြင်း၊ ငွေကြေးမတတ်နိုင် ခြင်းများကြောင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်ယူများရှိ နေပါသည်။ ထင်းခုတ်ယူမှုများပြာ ခြင်း ကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများ ဖောက်ပြန်လာပါသည်။ ရာသီဥတုများ ဖောက်ပြန်လာခြင်းကြောင့် သီးနှံများလည်းအထွက်နှုန်း မမှန်သည့်အတွက် မိသားစုဝင်ငွေ ထိခိုက် ရပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၀၃)လုံး၊ တီဗွီ(၅၉) လုံးနှင့် ဂြိုလ်တုစလောင်း(၁၃)လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့် အတွက်သတင်းနှင့် ဆက် သွယ်ရေးတို့အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင် မူလတန်းအဆင့်စာသင်ကျောင်းသာရှိပြီး အလယ်တန်း၊ အထက်တန်းပညာကို ပင်မှီအထက်တန်းကျောင်း၊ အောင်ပန်းမြို့တို့တွင်သင်ကြားနိုင်ကြသည်။ လက်ရှိအချိန်တွင် ပညာရေးကိုဦးစားပေးလာကြသော်လည်း ယခင်အချိန်က ပညာရေးစိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာတတ်မြောက်မှုရှိကြပါသည်။ ကျောင်းအဆောက်အဦမှာ ၁၉၉၈ခုနှစ်တွင်စတင်ဆောက်လုပ်ခဲ့ပြီး ယခုချိန်တွင် စာသင်ဆောင်မှာ ဟောင်းနွမ်းဆွေးမြေနေပြီဖြစ်ပါသည်။ ထို့ကြောင့် မူလတန်းကျောင်းဆောင်သစ်အားဆောက်လုပ်နိုင်ရန် ရွာသူ/သားများမှလိုလားနေကြပါသည်။ ဆရာ/ဆရာမ အင်အားအနေဖြင့် (၅)ဦးရှိပြီး လုံလောက်ပါသည်။ အခက်အခဲအနေဖြင့် မိဘများမှကျောင်းစရိတ်မတတ်နိုင်ခြင်းကြောင့်သော်ငင်း၊ ကျောင်းသူ/သားများမှ ပညာ ရေးစိတ်ဝင်စားမှုနည်းပါးခြင်းကြောင့်သော်ငင်း အလယ်တန်း ကျောင်းထွက်နှုန်းမှာ ရှိနေဆဲ ပင်ဖြစ် သည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ထနောင်းပင်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့်(၇)မိုင်ကွာဝေးသည့် အောင်ပန်းတိုက်နယ်ဆေးရုံသို့သွားရောက်ကြသည်။ ကျေးရွာသည် မြို့ပြနှင့်(၇)မိုင်သာကွာဝေးသော် လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် ကျန်းမာရေးဆိုင်ရာအခက်အခဲများရှိနေပါသည်။ ကိုယ်ဝန်ဆောင်များအနေဖြင့်လည်း မီးဖွားရာတွင် အရပ်လက်သည်များဖြင့်သာမွေးဖွားကြ ပြီးဆေးရုံဆေးပေးခန်းကိုကြောက်ကြသည်။ မီးမဖွားနိုင်၍ ဆေးရုံးသွားရာတွင် လမ်းပန်းဆက်သွယ် ရေးခက်ခဲမှုကြောင့် အချိန်မီမရောက်ရှိပဲအသက်ဆုံးရှုံးရသည်လည်းရှိပါသည်။ ထို့ကြောင့် ကျန်းမာ

ရေးအတွက် ကျေးရွာတွင်ဆေးပေးခန်းရရှိရန် ကျေးရွာသူ/သားများမှလိုလားနေကြပါသည်။ ရွာသူ/ သားများတွင် ရောဂါအန္တရာယ်ကြီးမားစွာ ကျရောက်မှုမရှိပဲ သာမန်ရာသီအလိုက်ဖြစ်ပွားတတ်သော ဖျားနာခြင်း၊ ဆီးချို၊ သွေတိုး တို့သာ အဖြစ်များပါသည်။ ကျန်းမာရေးဗဟုသုတအနည်းငယ်ရှိကြပြီး ကာကွယ်ဆေးထိုးခြင်းအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ လစဉ်ပုံမှန်ထိုးပေးလေ့ရှိသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် အချို့ပြေလည်သောအိမ်ထောင်စုများမှာ မိမိတို့ အိမ် ခြံဝန်းအတွင်း၌ မိုးရေလှောင်ကန်ကြီးများဖြင့် မိုးရေကိုသိုလှောင်သုံးစွဲကြပါသည်။ ကျေးရွာတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကိုအားထားအသုံးပြုကြသည်။ နွေရာသီတွင် စိမ့်ရေထွက်မှာ အားနည်းပြီး ကျေးရွာတွင်သောက်သုံးရေမလုံလောက်မှုများရှိနေပါသည်။ထို့ကြောင့် ကျေးရွာ အနောက်ဖက်ရှိ ကျေးရွာပိုင်မြေနေရာတွင် (၁၀၀'-၁၁၀'-၁၀')မြေသားရေကန်တူးဖော်ပေးနိုင်ရန် ကျေးရွာသူ/သားများမှလိုလားနေကြသည်။

ထနောင်းပင်ကျေးရွာတွင် ယင်လုံအိမ်သာအသုံးပြုသောအိမ်ထောင်စု(၈၁)စု၊ အိမ်သာမရှိ (ဆွေမျိုးများနှင့်အိမ်သာပူးတွဲအသုံးပြုသော) အိမ်ထောင်စု(၅)စုရှိပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကြီးမားစွာကျရောက်မှုမရှိ ပါ။ ဘေးအန္တရာယ်ကျရောက်လာပါလည်း ကာကွယ်ရန်နည်လမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့် ပစ်ရာတွင်လည်း စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်ပတ်သက် သည့် ပညာပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများကိုခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့်အမျိုးသားဦးမှာ များစွာသောကွာဟမှု မရှိပါ။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုည်းပါးပါသည်။ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးပါဝင်မှု မရှိသလောက်နည်းပါးသော်လည်း ကျေးရွာ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ် ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထပ်နည်းပါးပါသည်။ ထိုမတူညီသော လုပ် အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီး များ၏ စိတ်ဓါတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး လူမှုရေး အုပ်ချုပ်ရေး စသည်တို့တွင်ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်၍ အမျိုးသမီးများပါဝင် အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၈	၂၁
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၁	၂၈	၃၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၂	၂၈	၄၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၂၄	၅၄
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၀	၆၇	၁၄၇
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၃	၂၃
စုစုပေါင်း		၁၆၄	၁၅၄	၃၁၈
စုစုပေါင်း အိမ်ထောင်စု				၈၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် ကျေးရွာတွင်အသက်ကြီးရွယ်အိုလူဦးရေနည်းပါးသည်။ ကျား၊ မလူဦးရေအချိုးမှာ၁ရာခိုင်နှုန်းကွာခြားသည်။အလုပ်လုပ်နိုင်သည့်လူဦးရေများပြားသည့်

အတွက်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင်များစွာအထောက်အကူဖြစ်စေပါသည်။

(ခ)အလုပ်လုပ်နိုင်သူအင်အား

(ခ-၁)လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈၅	၂၂၀		မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂	၅		မြင့်☐☑လတ်☐☑နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား /	၀	၀	၀	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☑နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်☐လတ်☐နိမ့်☑
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☑နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☑နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အဓွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☑နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	စုစုပေါင်း				☒

ရင်းမြစ် □ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်စိုက်ပျိုးရေးအဓိက ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူလူဦးရေနည်းပါးသည်။ အခြားဝင်ငွေရလုပ်ကိုင်သူလည်းနည်းပါးသည်။
စိုက်ပျိုးရေးလုပ်ကိုင်သူထံတွင်အခကြေးငွေယူ၍ အလုပ်လုပ်ကြရသည်။ အလုပ်လုပ်ကိုင်ရာတွင်အခက်အခဲများစွာရှိသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ငေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၅၀၀	၀	၅၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်နေ့စားလုပ်အားခမှာ ကျား/ မ လုပ်အားခ ကွာခြားမှုသိပ်မရှိပါ။ အလုပ်သမားများအတွက် လုပ်အားခနည်းပါးနေသော်လည်း ရွာသူ/ သားများအတွက် ငွေကြေးပမာဏမှာများနေပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၂၀၉.၃၅	ကောင်း ☐သင့်မြတ် ☐
ယာမြေ / တောင်ယာမြေ	၈၇.၁၀	ကောင်း ☐သင့်မြတ် ☐
ဥယျာဉ်ခြံမြေ	၁.၅၀	ကောင်း ☐သင့်မြတ် ☐
ကိုင်း/ကျွန်းမြေ	၀.၀၀	ကောင်း☐သင့်☐မြတ် ☐
ဓနိတောမြေ	၀.၀၀	ကောင်း☐သင့်☐မြတ် ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
စားကျက်မြေ	၃.၀၀	ကောင်း☐သင့်☐ညံ့ ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း☐သင့်☐ညံ့ ☐
စုစုပေါင်း	၃၀၀.၉၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်လယ်မြေဧရိယာများပြားသည်။
စိုက်ပျိုးရေးလုပ်ကိုင်သူထက်နေ့စားလိုက်သူလူဦးရေပိုမိုများပြားနေသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်ဓါတ်သတ္တု နှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေ ောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင ်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင် သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၁၁၆	၂၀၉	၅၂

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုနည်းပါးသည်။ မြေယာပိုင်ဆိုင်မှုလည်းနည်းပါးသည်။ မြေယာမရှိသည့် အတွက်အခြားသူထံတွင်မြေငှားရမ်း ပြီး စိုက်ပျိုးလုပ်ကိုင်ကြရသည်။ဆင်းရဲသည့် ရွာသူ/ သား များသည်ငွေတိုးချေးယူသည့်ထံတွင်ချေးငှားရသည်။ ငွေတိုးမှာလည်းများပြားသည်။ရရှိသည့်နေ့စားခကိုငွေချေးသူထံသို့ငွေတိုးပေးရသော

ကြောင့်မပြေလည်သော အိမ်ထောင်စုမှာများပြားလှသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၇၈	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၇၈ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် သုံးလအောက်ဝမ်းစာဖူလုံမှုအိမ်ထောင်စုအနည်းငယ်တွေ့ရသည်။ ကျန်ရှိသည့်လကိုငွေတိုးချေးယူသူထဲတွင်ချေးငှားရသည်။ ငွေတိုးမှာလည်းလည်းများပြားသောကြောင့် ရွာသူ/သားများအခက်တွေ့ရသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၂၆
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်မိသားစုဦးရေများပြီး အမျိုးသမီးမှဦးဆောင်ရသော အိမ်ထောင်စုများပြားပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။

အိမ်ထောင်စုဝင်၅၅တွင်၂၅အိမ်ထောင်စုအောက်-နိမ့်

အိမ်ထောင်စုဝင်၅၅တွင်၂၅မှ၅၀အိမ်ထောင်စု-လတ်

အိမ်ထောင်စုဝင်၅၅တွင်၅၀အိမ်ထောင်စုအထက်-မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ဘေးဆိုးကပ်ဆိုးကျရောက်မှုမရှိသော်လည်း အခြားသောသဘာဝဘေးအခြေအနေများမှာ အလယ်အလတ်တွင်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☑လတ်☐နိမ့်☐မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☑လတ်☐နိမ့်☐မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☑လတ်☐နိမ့်☐မရှိ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်☐လတ်☐နိမ့်☐မရှိ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐လတ်☐နိမ့်☑မရှိ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☑လတ်☐နိမ့်☐မရှိ☐
၁၁	လူနည်းစုလူမျိုးများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၅	ဆေးစွဲသူများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်☐လတ်☐နိမ့်☑မရှိ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐လတ်☐နိမ့်☑မရှိ☐

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် လူငယ်များမှာအလုပ်အကိုင်နည်းပါး၍ အားလပ်နေချိန်တွင် အပေါင်းအသင်းများနှင့်ဝိုင်းဖွဲ့ကာ သောက်စားကြသောကြောင့်လူမှုရေး၊ဘာသာရေးကိစ္စများတွင် တက်ကြွစွာပါဝင်မှုမရှိပေ။လူငယ်ပညာပေးအစီအစဉ်များ ဟောပြောပွဲများ ပြုလုပ်ရန်လိုအပ်ပါသည်။

(၂)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၁၅	၀	၁၅	ပညာရေး ☑ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	လူငယ်	၁☐ ၂☑ ၃☐	၁၅	၁၅	၃၀	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	အမျိုးသမီး	၁☐ ၂☑ ၃☐	၁၂	၁၃	၂၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌကေြး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူရြေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရြေး/ ☐ လုံခုံရြေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌကေြး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူရြေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရြေး/ ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခုံရြေးနှင့် ကာကွယ်ရေး □	
၇		၁ □ ၂ □ ၃ □				ပညာရေး □ ဌကေြး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမူရြေး □ သာရေးနာရေး၊လူမှုဖွံ့ဖိုးရြေး/ □ လုံခုံရြေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ည့ံ □

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်ရပ်မိရပ်ဖ၊အမျိုးသမီး၊လူငယ်အဖွဲ့

များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ကြသော်လည်း
အစည်းအဝေးပြုလုပ်ရန်အဆောက်အဦ မရှိသည့်အတွက် တစ်ခါတရံလူကြီး၄၅ဦး၏
အဆုံးအဖြတ်နှင့်သာပြီးသွားလေ့ရှိသည်။
ကျေးရွာပိုင်ဆိုင်သောအိုး၊ခွက်၊ပန်းကန်များ၊အိုးစည်၊ဗုံမောင်းများအပျောက်အရှ များသောကြောင့်
ထိုပစ္စည်းများသိမ်းဆည်းရန် နှင့် အစည်းအဝေးပြုလုပ်ရန် အဆောက်ဦခန်း မတစ်ခုလိုအပ်နေပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□ ၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□ ၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□ ၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□ ၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□ ၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□ ၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁)

ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ □ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂)

အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ □Care International, Save the Children, Gret, Pact Myanmar စသည်)

(၃)

အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)

နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅)

နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာGIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့
(ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤယေားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။ မရှိပါ။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၇၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၈၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၇	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၇	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၃၈၂	☒

ရင်းမြစ် □ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနည်းပါးခြင်း၊ မြေယာမရှိခြင်းကြောင့် တစ်ပါးသူများထံတွင် အခကြေးငွေဖြင့်နေ့စား လုပ်ကိုင်သူဦးရေများပြားပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၂၅၀၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐	ရှိ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်☐ မဖြေဆိုပါ☑	မရှိ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - ကျေးရွာရှိရေလွှဲဆည်မှာ ရွာရှိလယ်ဧကများအား ရေအလုံအလောက်ပေးနိုင်ပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
အာလူး	၀	ပိဿာ	၄၀၀၀	၆၀၀၀	၅၀၀၀	ဇန်နဝါရီ	ဧပြီ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☑
စပါး	၀	တင်း	၆၀	၁၀၀	၈၀	ဇန်နဝါရီ	မေ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်	မြင့်☐လတ်☐နိမ့်☐

သီးနှံ	စုစုေပါင်းစိုက်ေက	တစ်ေကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								□	
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - အာလူးမှာမျိုးကောင်းမျိုးသန့်များ ရှားပါးနေသောကြောင့် ယခင်ထက်အထွက်နှုန်းနည်းပါးသည်။မျိုးသန့်များမှာလည်း ဈေးကြီးသောကြောင့် ရွာသူ/သားများဝယ်ယူစိုက်ပျိုးရန် အခက်အခဲရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၆	၀	၀	၀
လက်တွန်းထွန်စက်	၂၃	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၃၆	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၁၁	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက်-ကျေးရွာတွင် လယ်ယာသုံးစက်ပစ္စည်းများပိုင်ဆိုင်မှုနည်းပါးသည့်အတွက် ငှားရမ်းကာအသုံးပြုရပါသည်။သို့သော် ငှားရမ်းခမှာဈေးကြီးသောကြောင့် တောင်သူများမှာအခက်အခဲတွေ့ရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☐မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☑မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု ရရှိသော်လည်းသွင်းအားစုနှင့်ငွေကြေးမှာ ဈေးကြီးခြင်း၊အတိုးများခြင်းကြောင့် တောင်သူများအခက်တွေ့ရသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဖယားဂ၇နှင့်ဂစကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီသြဇာမကောင်း □ရာသီဥတုမမှန် □မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑လယ်ယာမြေဆုံးရှုံးမှုများသည် □လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် □ပလပ်ငြေမြောင်းရှိသည် □ပလပ်မြေအသင့်အတင့်ရှိသည် □မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင် □လုံဝမရ□မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် □လုံဝမရ□မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် □လုံဝမရ□မဖြေဆိုပါ☑
သဘာဝဗြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် □လုံဝမရ□မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် □လုံဝမရ□မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် □လုံဝမရ□မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် □လုံဝမရ□မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ □သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ□မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□အသင့်အတင့်ကျ□အနည်းငယ်☑မဖြေဆိုပါ□

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ဈေးကွက်မမှန်ခြင်း၊ရာသီဥတုဆိုးရွားခြင်း၊ဖျက်ပိုးများကျရောက်ခြင်းတို့ကြောင့် သီးနှံများအားအချိန်မှီမသိမ်းဆည်းနိုင်ပါ။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၂	၈၆
နို့စားနွား	၀	၀
ကျွဲ	၉	၁၉
မြင်း	၁	၁
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၁၈	၃၉
ကြက်	၃၇	၂၉၅
ဘဲ	၃	၉
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ကျွဲနှင့်နွားကို
လယ်ယာသုံးအဖြစ်မွေးမြူကြသည်။ကြက်ကိုစီးပွားဖြစ်မွေးမြူကြသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/** **ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီး** **"မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐အသင့်အတင့် ☐မဖြေဆိုပါ ☑
ရေရရှိမှု	အလုံအလောက်ရနိုင် ☐အသင့်အတင့်ရနိုင် ☑မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☑မျိုးကောင်းတိရစ္ဆာန်များအသ
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင် ☐ချေးငွေအသင့်အတင့်ရနိုင် ☐မဖြေဆိုပါ ☑
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ☐သွင်းအားစုများဝယ်ယူနိုင်သည် ☑မ
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။ ☐နည
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ထုတ်
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည် ☐အသင့်အတင့်ရှိသည် ☑မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း ☐ကောင်း ☐သင့်တင့်မျှတ ☐မဖြေဆိုပါ ☑
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ဝယ်ယူရနိုင်သည် ☐မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐ချေးငွေရနိုင်သည် ☑မဖြေဆိုပါ ☐
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ☐သွင်းအားစုများဝယ်ယူနိုင်သည် ☑မ
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။ ☐နည
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ထုတ်
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည် ☐အသင့်အတင့်လွယ်ကူသည် ☐မဖြေဆိုပါ ☑

ရင်းမြစ် ☐ ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ရေရရှိခြင်း၊ချေးငွေရရှိခြင်းကြောင့်
မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမွေးမြူနိုင်ကာ
မိမိတို့ထုတ်ကုန်များအားဈေးကွက်သို့အလွယ်တကူပို့ဆောင်နိုင်သည်။

(၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၂၀နှင့် ၂၁ကိုချိ "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေရှားပါးသည် ☐ စားကျက်မြေလုံလောက်မှုရှိပါ ☑ မဖြေဆိုပါ ☐
ရေရရှိမှု	ရေရှားပါးသည် ☐ ရေလုံလောက်မှုရှိပါ ☐ မဖြေဆိုပါ ☑
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☐ မျိုးကောင်းတိရစ္ဆာန်များ
ချေးငွေ	ချေးငွေလွယ်ကူစွာမရနိုင်ပါ ☑ ချေးငွေလုံလောက်မှုရှိပါ ☐ မဖြေဆိုပါ ☐
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☐ သွင်းအားစုများလုံလောက်စွာဝယ်ယူမရ
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ပါ ☐ နည်
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ ထုတ်
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်မရှိပါ ☐ လုံလောက်မှုရှိပါ ☐ မဖြေဆိုပါ ☑
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမူရှိန်ရမခြေအနအထား	ရရမြေအနေအထားမကောင်းပါ ☑ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ ☑ လုံလောက်စွာဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ ☐ လုံလောက်စွာဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူမရပါ ☐ သွင်းအားစုများဝယ်ယူမရပါ ☐ မဖြေ
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရပါ ☐ နည်းပ
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ ထုတ်

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/** **ရှင်းလင်းချက်(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဥယား ၂၀နှင့် ၂၁ကိုချိ** **“မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
ငါးဖမ်းခွင့်ရရှိနိုင်မှု	မလွယ်ကူပါ☐မဖြေဆိုပါ☑

ရင်းမြစ် □ (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)
မြို့နယ်မှူး/ကုဋီးစီးဌာန၊မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် -ချေးငွေအခက်အခဲရှိပါသည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

